**Embassy of the Republic of the Union of Myanmar**
Via di Villa Grazioli 29, 00198 Rome, Italy
Tel: +39 06 36303753, Fax: +39 06 36298566
Email: merome2010@gmail.com

# ကြေညာချက်အမှတ်၊ ၄/ ၂၀၁၅
## ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်

အကြောင်းအရာ။ **ကြိုတင်ဆန္ဒမဲပေးပွဲကိစ္စ**

ရောမမြို့ မြန်မာသံရုံး တွင် ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ (၁၅ ) တင်သွင်းထားသူ (၅၂) ဦးအနက် မဲစာရင်းတွင် (၄၃) ဦးသာပါရှိလာပါသည်။ သို့ပါ၍ စာရင်းတွင် မပါဝင်သူ (၉) ဦးအနေဖြင့် မဲပေးလိုပါက ပုံစံ (၁၅) ပါလိပ်စာတွင် နေထိုင်ကြောင်း အထောက်အထားဖြင့် မြန်မာနိုင်ငံသက်ဆိုင်ရာ ရပ်ကွက်၊ မြို့နယ် မဲစာရင်းများတွင် ပါဝင်ရန် ဦးစွာလျှောက်ထားရမည်ဖြစ်ပါသည်။

မဲစာရင်းတွင် ပါရှိသူ (၄၃) ဦးအနက် မဲလက်မှတ် အပြည့်အစုံရရှိသူ (၂၅) ဦး၊ မပြည့်မစုံရရှိသူ (၁၂) ဦးနှင့် မဲလက်မှတ် လုံးဝမရရှိသူ (၆) ဦးရှိပါသည်။ မဲလက်မှတ်လုံးဝမရရှိသူများနှင့် မဲမပြည့်မစုံပေးခဲ့ရသူတို့ အနေဖြင့် နိုဝင်ဘာလ (၈) ရက်နေ့တွင် မြန်မာနိုင်ငံ၌ ပြန်လည်မဲပေးလိုပါက သံရုံးတွင် ကြိုတင်မဲမပေးခဲ့ကြောင်း မပြည့်မစုံပေးခဲ့ကြောင်း ထောက်ခံစာကို သံရုံးတွင် အခမဲ့ရယူနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

မဲလက်မှတ်အပြည့်အစုံရရှိသူ (၂၅ )ဦးနှင့် မပြည့်မစုံ ရရှိသူ(၁၂)ဦးအနက် (၂၈ ) ဦးသည် အောက်တိုဘာလ (၁၈ ) ရက်နေ့ က သံရုံးတွင် ကျင်းပခဲ့သော ကြိုတင်ဆန္ဒမဲပေးပွဲ သို့ လာရောက်မဲပေးခဲ့ပြီး ပျက်ကွက်သူ (၉)ဦးရှိခဲ့ပါသည်။ သံရုံးတွင် မဲပေးခဲ့သော အောက်ပါဆန္ဒမဲလက်မှတ်များကို ၂၀-၁၀-၂၀၁၅ ရက်နေ့တွင် နခဌ သို့ ပြန်လည်ပေးပို့ထားပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်သူ့လွှတ်တော် | ( ၂၅ ) မဲ |
| ( ခ ) | အမျိုးသားလွှတ်တော် | ( ၂၈ )မဲ |
| ( ဂ ) | တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော် | ( ၂၀ ) မဲ |
| ( ဃ) | တိုင်းရင်းသားကိုယ်စားလှယ် | ( ၉ ) မဲ |

**သံအမတ်ကြီး (ကိုယ်စား)**
**(ကေသီစိုး ၊ သံမှူးကြီး)**

ဖြန့်ဝေခြင်း

- အီတလီ/ ပေါ်တူဂီ/ ဂရိ/ ရိုမေးနီးယား နိုင်ငံများသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား အားလုံး
- မြန်မာသံရုံး၊ ရောမမြို့ ၊ ကြော်ငြာသင်ပုန်း